# ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ အသက်မွေးဝမ်းကြောင်းပညာပေးဆိုင်ရာ လမ်းညွှန်




## ရေဒီယိုအစီအစဉ်အတွဲ (၆)

### နည်းစနစ်သစ်များဖြင့် ကျေးလက်ဒေသ မွေးမြူရေးဖွံ့ဖြိုးလာခြင်း

International Development
Australian Broadcasting Corporation

## ရေဒီယိုအစီအစဉ်အတွဲ (၆)။ ။ နည်းစနစ်သစ်များဖြင့် ကျေးလက်ဒေသ မွေးမြူရေး ဖွံ့ဖြိုးလာခြင်း

## မိတ်ဆက်နိဒါန်း

**ဤလမ်းညွှန်သည် ရေဒီယို ပညာပေးဇာတ်လမ်းကိုအသုံးပြုပြီး "လွှက်ရည်ကြမ်းစကားဝိုင်း" တစ်ခု ပြုလုပ်ရာတွင် ဦးဆောင်ဆွေးနွေးသူများအတွက် လိုအပ်သော ဆွေးနွေးပွဲလမ်းညွှန်ချက်များကို ဖော်ပြထားသည်။ ဤလမ်းညွှန်ချက်ကို မြန်မာ့အသံ အစီအစဉ်နှင့် တွဲဖက်အသုံးပြုရမည်။ ဝိုင်းဖွဲ့ဆွေးနွေးပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ရေဒီယို အစီအစဉ်မှတစ်ဆင့် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များကို ကျေးလက်နေ ပြည်သူများအား သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတ ဖြန့်ဝေပေးရန် ဖြစ်ပါသည်။**

## ရည်ရွယ်ချက်များ

ဤစကားဝိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးပြီးနောက် ပါဝင်ဆွေးနွေးသူများသည် အောက်ဖော်ပြ အကြောင်းအရာများနှင့် စပ်လျဉ်းသော ၎င်းတို့၏ ဗဟုသုတများ၊ စိတ်နေသဘောထားများနှင့် အပြုအမူများဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်စေမည်။

၁။ တိရိစ္ဆာန်မွေးမြူရေးလုပ်ဆောင်ကြသော တောင်သူများ အသက်မွေးဝမ်းကြောင်းလုပ်ငန်း တိုးတက်ကောင်းမွန်စေရန် လိုအပ်ချက်များနှင့် စိန်ခေါ်ချက်များကို သိရှိစေရန်။

၂။ မြန်မာနှင့် နယူးဇီလန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းမှတစ်ဆင့် တောင်သူများ တိရိစ္ဆာန်မွေးမြူရေးဆိုင်ရာ ကောင်းမွန်သောအလေ့အကျင့်များ မည်ကဲ့သို့ တိုးတက်လာသည့်ကို သိရှိစေရန်။

၃။ ကျေးလက်နေ တောင်သူများ အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ဝင်ငွေတိုးတက်ကောင်းမွန်စေမည့် မွေးမြူရေး ထုတ်ကုန်များ၏ ဈေးကွက်အလားအလာများကို သိရှိစေရန်။

| | |
|---|---|
| **ဦးဆောင်ဆွေးနွေးသူ။** | ။အစိုးရဌာနများမှ ကျေးလက်ဖွံ့ဖြိုးရေးဝန်ထမ်းများ၊ အရပ်ဖက်အဖွဲ့အစည်းများမှ ဝန်ထမ်းများ |
| **ဆွေးနွေးမည့်နည်းစနစ်။** | ။အုပ်စုဖွဲ့ဆွေးနွေးခြင်း (လက်ဖက်ရည်ကြမ်းစကားဝိုင်း) |
| **ပါဝင်ဆွေးနွေးမည့်သူ။** | ။၅ ဦး အနည်းဆုံး (လယ်သမား၊ လယ်ယာလုပ်သား၊ ကျေးရွာသူကျေးရွာသား) |
| **ကြာမည့်အချိန်။** | ။၁ နာရီ ၂၀ မိနစ် |
| **လိုအပ်သောပစ္စည်း။** | ။CD Player ၊ ပိုစတာဆိုဒ် စာရွက်အကြီး၊ Marker မှတ်စုစာအုပ်နှင့် ဘော်ပင် |

---

## ဆွေးနွေးပွဲ အစီအစဉ်

### အခန်း ၁။ ။ မိတ်ဆက်ခြင်း (၁၀ မိနစ်)

- ဦးဆောင်ဆွေးနွေးသူ (The moderator) သည် ဆွေးနွေးပွဲသို့ တတ်ရောက်လာသူများ အချင်းချင်း မိတ်ဆက်ခြင်းဖြင့် ဆွေးနွေးပွဲကို စတင်ပါ။ (တစ်ဦးချင်း ၎င်းတို့၏ နေရပ်လိပ်စာနှင့် အသက်မွေးဝမ်း ကြောင်း လုပ်ငန်းကို ပြောပါစေ။)

- ဦးဆောင်ဆွေးနွေးသူသည် ပါဝင်ဆွေးနွေးသူတစ်ဦးချင်းစီကို ဤဆွေးနွေးပွဲတက်ရောက်ခြင်းမှ ၎င်းတို့ ရရှိ မည်ဟု မျှော်လင့်ထားသော တစ်စုံတစ်ရာကို မေးမြန်းဆွေးနွေးပါ။

- ဦးဆောင်ဆွေးနွေးသူက ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ဆွေးနွေးပွဲပြီးသည့်အခါ ပါဝင်ဆွေးနွေးသူများသည် အထက်တွင် ဖော်ပြထားသော ရည်ရွယ်ချက်များအတိုင်း သတင်းအချက်အလက်များ ရရှိသွားလိမ့်မည်ဟု ရှင်းလင်းပြောဆိုရန် ဖြစ်သည်။

- ထို့နောက် ဆွေးနွေးပွဲအစီအစဉ်ကို ရှင်းပြပါ။

**အခန်း ၂။ ။ ပူးပေါင်းစဉ်းစားခြင်း (၁၀ မိနစ်)**

- မိတ်ဆက်ခြင်းပြီးနောက် ဦးဆောင်ဆွေးနွေးသူသည် ပါဝင်ဆွေးနွေးသူများ လိုအပ်သော သတင်းအချက် အလက်များကို ပဏာမသိရှိနိုင်ရန် အောက်ပါ ယေဘူယျဆန်သော မေးခွန်းများကို တစ်ဦးချင်း မေးခြင်း စူးစမ်းလေ့လာ ကြည့်ပါ။

(က) လက်ရှိလုပ်ကိုင်နေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ် သင့်အနေဖြင့် ကျေနပ်မှု ရှိပါသလား။

(ခ) ဤဒေသမှ တောင်သူများ အဓိက ရင်ဆိုင်ရသည့် အခက်အခဲများက အဘယ်နည်း။

(ဂ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းအသစ်များကို သင်ယူလေ့လာရန်နှင့် စမ်းသပ်ရန် စိတ်ဝင်စားပါ သလား။ (အဘယ်ကြောင့် စိတ်ဝင်စားသနည်း၊ သို့မဟုတ် စိတ်မဝင်စားသနည်း)

(ဃ) သင်၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ဝင်ငွေတိုးတက်ကောင်းမွန်စေရန် မည်သည့် သတင်းအချက်အလက်များ လိုအပ်မည်နည်း။

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု (၁)**

- အခန်း (၁) တွင် ဆွေးနွေးပွဲသို့ လာရောက်သူများသည် ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များနှင့် ဆွေးနွေးပုံနည်းလမ်းကို သိရှိပြီ ဖြစ်သည်။
- အခန်း (၂) ၏ ရည်ရွယ်ချက်မှာ ပါဝင်ဆွေးနွေးမည့်သူများ တစ်ဦးနှင့်တစ်ဦး ပိုမို ရင်းရင်းနှီးနှီး ဖြစ်စေရန်နှင့် ဆွေးနွေးဖလှယ်လိုစိတ်များ ဖြစ်ပေါ်လာစေရန် နှိုးဆွပေးရန် ဖြစ်သည်။
- ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပါဝင်ဆွေးနွေးသူများက ၎င်းတို့နေ့စဉ်ဘဝအတွက် မည်သည့် သတင်းအချက်အလက်များ လိုအပ်နေကြောင်းကို ဦးဆောင်ဆွေးနွေးသူက နားလည်နိုင်မည် ဖြစ်သည်။
- အထက်ပါ မေးခွန်း (၄) ခုကို ဆွေးနွေးရာတွင် မေးခွန်းတစ်ခုမေးပြီးတိုင်း ပါဝင်ဆွေး နွေးသူ တစ်ဦးချင်းစီ၏အဖြေများကို စာရွက်ချပ်အကြီးပေါ်တွင် ဦးဆောင်ဆွေးနွေးသူက ရေးမှတ်ရပါမည်။ ဤအဆင့်တွင် ပြန်လှန်ဆွေးနွေးခြင်း မပြုရပါ။

**အခန်း ၃။** **။ "နည်းစနစ်သစ်များဖြင့် ကျေးလက်ဒေသ မွေးမြူရေး ဖွံ့ဖြိုးလာခြင်း" ရေဒီယိုအစီအစဉ်ကို နားစဉ်ခြင်း (၂၀ မိနစ်)**

- ဦးဆောင်ဆွေးနွေးသူသည် ဤရေဒီယိုအစီအစဉ် အကြောင်းအရာကို အကျဉ်းမျှ ရှင်းပြပါ။ ထိုသို့ ရှင်းပြရာ တွင် အောက်ပါအချက်များ ပါဝင်ပါစေ။

    - ဤရေဒီယိုအစီအစဉ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများတွင် နို့စားနွားနှင့် ဆိတ်ကဲ့သို့သော မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြ သော တောင်သူများအကြောင်း တင်ဆက်ထားပါသည်။ နယူးဇီလန်နိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်နေသော Myanmar Dairy Excellence Project စီမံကိန်းမှ နို့စားနွား မွေးမြူခြင်းကို စနစ်တကျဆောင်ရွက်နိုင်မည့် နည်းစနစ်သစ်များကို ဒေသခံတောင်သူများ လေ့လာခွင့်ရရှိခြင်း၊ အာဟာရဓာတ်မြင့်မားစွာ ပါဝင်သော Mombassa နှင့် Navia မျက် များကို စိုက်ပျိုးကျွေးမွေးခြင်းဖြင့် နွားများ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန် လာပုံတို့ကို တင်ဆက်ထားပါသည်။

- ထိုနောက် ရေဒီယိုဇာတ်လမ်းအစီအစဉ်ကို ဖွင့်ပြပြီး၊ သေချာအာရုံစိုက်နားစဉ်ရန် တိုက်တွန်းပါ။ နားထောင်နေစဉ်အတွင်း ၎င်းတို့မေးမြန်းဆွေးနွေးလိုသော အကြောင်းအရာများကို စဉ်းစား ထားရန် တိုက်တွန်းပါ။

- ရေဒီယိုအစီအစဉ်ကို နားစဉ်ပြီးနောက် ဦးဆောင်ဆွေးနွေးသူက တစ်ဦးချင်းစီကို ၎င်းတို့၏ မှတ်မိသမျှ သတင်းအချက်အလက်များအား မေးမြန်း၍ မှတ်တမ်းတင်ပါ။

**အပိုင်း ၄။** **။ ရေဒီယိုအစီအစဉ် နားဆင်ပြီးနောက် လေ့လာရရှိသော အချက်များကို ဆွေးနွေးခြင်း (၃၀ မိနစ်)**

- ပထမဆုံးအနေဖြင့် ဤရေဒီယိုဇာတ်လမ်းကို နားဆင်ပြီးနောက် မည်သည့်သတင်းအချက် အလက်များ လေ့လာရရှိခဲ့ပြီး၊ ထိုသတင်းအချက်အလက်များအပေါ် ပါဝင်ဆွေးနွေးသူများ၏ အမြင်သဘောထားများအား အုပ်စုဖွဲ့ဆွေးနွေးပါ။ ရေဒီယိုဇာတ်လမ်းမှ ၎င်းတို့ မြင်ခဲ့ကြားခဲ့ သမျှအပေါ် မေးခွန်း မေးမြန်းနိုင်ရန် အခွင့်အရေးပေးပါ။

- ဤရေဒီယိုဇာတ်လမ်းတွင် ပါဝင်ဆွေးနွေးသူများအတွက် အရေးကြီးသော ဆွေးနွေးချက်များကို စနစ်တကျ ပြန်လည်ဆွေးနွေးနိုင်ရန် ဦးဆောင်ဆွေးနွေးသူကို အထောက်အပံ့ဖြစ်စေမည့် အချက်များကို အောက်တွင် ဖော်ပြထားပါသည်။

- ပါဝင်ဆွေးနွေးသူများ၏ အရပ်ဒေသနှင့် အသက်မွေးဝမ်းကျောင်း လိုအပ်ချက်ကိုလိုက်၍ ဆွေးနွေးမှုအပိုင်းအားလုံး သို့မဟုတ် အချို့ကို ရွေးချယ်ဆွေးနွေးနိုင်ပါသည်။ ပိုင်းဖွဲ့ဆွေးနွေးမှု ကို အထောက်အကူဖြစ်စေရန် မေးခွန်းများကို အသုံးပြုနိုင်ပါသည်။ ဦးဆောင်ဆွေးနွေးသူသည် "နောက်ဆက်တွဲ (၁) ဆွေးနွေးချက်မှတ်စုပုံစံ" ကိုသုံး၍ ဆွေးနွေးချက်များကို မှတ်တမ်းတင်ပါ။

**(၁) မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသများရှိ တောင်သူများသည် နို့ထွက်ပစ္စည်းထုတ်လုပ် ရန်အတွက် နို့စားနွားများမွေးမြူရာတွင် မည်သည့်အခက်အခဲများ ကြုံတွေ့ရပါသနည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု။** ။ (က) တောင်သူများသည် ကျန်းမာသန်စွမ်းသော နို့စားနွားမများ ဖြစ်လာရန် နွားသားပေါက်များကို မွေးမြူရာတွင် မည်သည့်နည်းစနစ်မျှ မရှိခြင်း။ (ခ) နွားများကို အာဟာရဓာတ်မရှိသော ကောက်ရိုးခြောက်များနှင့် ဒေသတွင်းရရှိသည့် မျက်များကို ကျွေးမွေးနေရခြင်း၊ (ဂ) နွားများ ကူးစက်ရောဂါများ မကူးစက်စေရန် ကာကွယ်နိုင်မည့် နည်းစနစ်များ မရှိခြင်း။

**(၂) နယူးဇီလန်နိုင်ငံက အထောက်အပံ့ဖြင့် အကောင်အထည်ဖော်နေသော Myanmar Dairy Excellence Project မှ မည်သည့်အရာများကို လေ့လာခွင့်ရပြီး အကျိုးဖြစ်ထွန်းလျက် ရှိပါသနည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု။** ။ (က) နွားသားပေါက်များကို မွေးမြူရာတွင် ကြီးထွားနှုန်းမှတ်တမ်းများ စနစ်တကျထားရှိခြင်း၊ (ခ) နွားသားပေါက်များကို ကျန်းမာသန်စွမ်းသော နို့စားနွားမများ ဖြစ်လာစေရန် နေ့စဉ် စနစ်တကျ လုံလောက်စွာ အစာကျွေးခြင်း၊ (ဂ) ယခင်က (၃) နှစ်ကြာမှ သား စပေါက်ပြီး၊ ယခုအခါ (၂) နှစ်ဖြင့် သားပေါက်သည့် ကျန်းမာသန်စွမ်းသော နွားမများ ဖြစ်လာခြင်း၊ (ဃ) အပင်ကြီးထွားမှုနှုန်းမြန်ပြီး အာဟာရဓာတ်ပြည့်ဝသော Mombassa နှင့် Navia မျက်များကို တစ်နှစ်ပါတ်လုံး အလုံအလောက်ရရှိခြင်းကြောင့် နွေရာသီကာလတွင် ကျွေးရန် ကောက်ရိုးခြောက်များဝယ်ယူ ရသည့် ကုန်ကျစရိတ် သက်သာလာခြင်း။

**(၃) နွားများတွင် ဖြစ်လေ့ဖြစ်ထရှိသော ရောဂါများက အဘယ်နည်း။ မန္တလေးတိုင်းဒေသကြီးရှိ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ တောင်သူများ မည်သည့်အကူအညီ ရရှိသနည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု။** ။ (က) မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် တောင်သူများကို နွားများနေထိုင်မကောင်းဖြစ်ပါက ဒေသတွင်းရရှိနိုင်သည့် ဆေးဝါးများဖြင့် အလွယ်တကူ ကုသနိုင်မည့် နည်းလမ်းများ သင်ကြားပေးခြင်း၊ (ခ) အကယ်၍ ကူးစက်ရောဂါ ဖြစ်ပွားပါက ဌာနနှင့် တောင်သူများအကြား ဆက်သွယ်ရေးကွန်ရက် ထူထောင်ထားခြင်း၊ (ဂ) ဒေသတွင်း မကြာခဏ ဖြစ်ပွားတတ်သော ခွာနာလျှာနာရောဂါ ကာကွယ်ဆေးကို အခမဲ့ရရှိခြင်း။

**(၄) နို့စားနွားများ စနစ်တကျ မွေးမြူရေးအပြင် အသက်မွေးဝမ်းကြောင်းနှင့် ဝင်ငွေတိုးပွားစေသော အခြား မည်သည့် တိရိစ္ဆာန်မွေးမြူရေးကို လုပ်ဆောင်သင့်သနည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု။** ။ ဆိတ်မွေးမြူရေးသည် ဒေသတွင်ရှိ နိုင်ငံများကို ဆိတ်သား တင်ပို့နိုင်သည့် အလားအလာကောင်းများ ရှိနေသည်။ ဆိတ်သားသည် ဈေးကောင်းရရှိသော ပို့ကုန်ဖြစ်၍ တောင်သူများ ဝင်ငွေကောင်းကောင်းရရှိနိုင်သည်။ သို့ရာတွင် နိုင်ငံတကာဈေးကွက်က တောင်းဆို သည့်အတိုင်း သတ်မှတ်ထားသည့်အရွယ်တွင် သတ်မှတ်ထားသောအလေးချိန်ရှိသော ကျန်းမာသန်စွမ်း သည့် ဆိတ်များကို တောင်သူများ စနစ်တကျ မွေးမြူရန် လိုအပ်သည်။

## အပိုင်း ၅။ ။ ဆွေးနွေးပွဲ၏ အကျိုးသက်ရောက်မှုကို သုံးသပ်လေ့လာခြင်း (၁၀ မိနစ်)

- ဤဆွေးနွေးပွဲ မပြီးဆုံးမီ ဦးဆောင်ဆွေးနွေးသူသည် ဆွေးနွေးပွဲအကြောင်းအရာအပေါ် ပါဝင်ဆွေးနွေး သူများ၏ အပြုအမူ သဘောထား မည်ကဲ့သို့ရှိပုံကို အောက်ပါ မေးခွန်းများ မေးမြန်း၍ အကဲဖြတ် လေ့လာရန် ဖြစ်သည်။

- ဤရေဒီယိုအစီအစဉ်ကို ကြည့်ရှုခြင်းဖြင့် မည်သည့် သတင်းအချက်အလက်များ ရရှိခဲ့ပါသနည်း။ ထိုသတင်းအချက်အလက်များသည် သင့်အတွက် အသုံးဝင်ပါသလား။ အဘယ်ကြောင့်နည်း။
- သင်၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပိုမိုတိုးတတ် ကောင်းမွန်ရေးအတွက် အခြား မည်သည့် သတင်းအချက်အလက်များ လိုအပ်ပါသနည်း။
- ဤရေဒီယိုအစီအစဉ်တွင် ပါဝင်သော အယူအဆနှင့် နည်းစနစ်တစ်ခုခုကို ပြောင်းလဲကျင့်သုံးရန် ရှိပါသလား။ အကြောင်းရင်းကို ရှင်းလင်းပြပါ။
- ဤရေဒီယိုအစီအစဉ်တွင် ပါဝင်သော အယူအဆနှင့် နည်းစနစ်တစ်ခုခုကို ပြောင်းလဲကျင့်သုံးရန် မည်သည့် အတားအဆီးအခက်အခဲများ ရှိပါသလဲ။
- ဤရေဒီယိုအစီအစဉ်တွင် ပါဝင်သော အယူအဆနှင့် နည်းစနစ်တစ်ခုခုကို ပြောင်းလဲကျင့်သုံးရန် သင့်ကို အထောက်အပံ့ဖြစ်စေမည့် အရာတွေက အဘယ်နည်း။

➢ ဒေသခံပြည်သူများသည် ၎င်းတို့လိုအပ်သော သတင်းအချက်အလက်များ ဆက်လက်ရရှိစေရန် အထက်ပါမေးခွန်းများ၏ အဖြေများကို အခြားပညာပေးလုပ်ငန်းများအတွက် ပြန်လည်အသုံးချနိုင်ရန် မှတ်တမ်းထားရှိပါ။

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု (၂)**

ဤရေဒီယိုအစီစဉ်တစ်ခုကို အသုံးပြု၍ စကားဝိုင်းဆွေးနွေးပွဲတစ်ခု ပြင်ဆင်ရာတွင် ဦးဆောင်ဆွေးနွေးသူသည် အောက်ပါ တို့ကို ကြိုတင် ပြင်ဆင်ထားရန် လိုအပ်သည်။

✓ ရေဒီယို အစီအစဉ်ပါ အကြောင်းအရာအတွက် သင့်လျော်သော နားစဉ်သူအုပ်စုကို ကြိုတင်စုစည်းထားပြီး၊ ဆွေးနွေးပွဲမတိုင်မီ ၎င်းတို့အား ကြိုတင်အကြောင်းကြားထားရန်။

✓ အကယ်၍ နားစဉ်သူအုပ်စုသည် တိုင်းရင်းသားများဖြစ်ပြီး ဦးဆောင်ဆွေးနွေးသူသည် ဒေသဘာသာစကားကို မပြောနိုင်ပါက ဒေသခံ ဘာသာစကားပြောဆိုနိုင်သူတစ်ဦးကို ဘာသာပြန်ပေးရန် ကြိုတင်ပြင်ဆင်ထားပါ။

✓ နားစဉ်သူများ အလွယ်တကူ လာရောက်နိုင်သည့် အဆင်ပြေသောနေရာတွင် လုပ်ဆောင်ရန် ဆုံးဖြတ်ပါ။

✓ ဆွေးနွေးပွဲတွင် အသုံးပြုမည့် ပစ္စည်းများ (ဉပမာ - ရေဒီယိုအသံဖိုင် ဖွင့်ပြနိုင်သည့် စက်ကရိယာ) ဆွေးနွေးပွဲ ကျင်းပသည့်နေရာတွင် ရရှိနိုင်ခြင်းရှိမရှိနှင့် မရရှိနိုင်ပါက ဦးဆောင်ဆွေးနွေးသူမှ ၎င်းနှင့်အတူတကွ ယူဆောင် လာရန် ဖြစ်သည်။

✓ ဆွေးနွေးချက်များကို မှတ်တမ်းတင်နိုင်ရန်နှင့် အနာဂတ်ဆွေးနွေးပွဲများအတွက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် အသံဖမ်းစက်ဖြင့် သို့မဟုတ် မှတ်စုစာအုပ်ဖြင့် မှတ်တမ်းတင်ရန် လိုအပ်သည်။

## ဦးဆောင်ဆွေးနွေးသူအတွက် ရည်ညွှန်းကိုးကားချက်

## နည်းစနစ်သစ်များဖြင့် ကျေးလက်ဒေသ မွေးမြူရေး တိုးတက်ကောင်းမွန်လာခြင်း

**ဇင်ပိုင်း (တင်ဆက်သူ)။** ။ မွန္တလေးတိုင်းဒေသကြီးမှာရှိကြတဲ့ ကျေးလက်နေပြည်သူတွေဟာ စိုက်ပျိုးရေး လုပ်ငန်းနဲ့ မွေးမြူရေးလုပ်ငန်းကို တွဲဖက်လုပ်ကိုင်လေ့ ရှိပါတယ်။ သို့သော် ဆည်ရေမရရှိတဲ့ နေရာမျိုးနဲ့ မိုးရေချိန် ရွာသွန်းမှု နည်းတဲ့နေရာမျိုးတွေမှာ မွေးမြူရေးလုပ်ငန်းကို အဓိကဦးစားပေး လုပ်ကိုင်ကြပါတယ်။ ဒီအကြောင်း တွေနဲ့ ပတ်သက်ပြီး ကိုယ်တိုင်သွားရောက် သတင်းရယူထားတဲ့ မြန်မာ့အသံရဲ့ အကြီးတန်း အယ်ဒီတာ မနွဲ့နွဲ့နိုင် က တင်ဆက်ပေး သွားမှာ ဖြစ်ပါတယ်။

**နွဲ့နွဲ့နိုင် (သတင်းထောက်)။** ။ မွန္တလေးတိုင်းဒေသကြီးရှိ လူဦးရေ ရဲ့ (၇၀)% ကျော်ဟာ မွေးမြူရေးပေါ်မှာပဲ အဓိက မှီခိုအားထား စားသောက်ကြ ရပါတယ်။ စီးပွားဖြစ် မွေးမြူတာထက် တစ်ပိုင်တစ်နိုင် မွေးမြူကြတာ ပိုများတဲ့ အတွက် တစ်ပိုင်တစ်နိုင် မွေးမြူရေးသမားတွေရဲ့ လုပ်ငန်းကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ပေးခြင်းအားဖြင့် လူနေမှုဘဝ တွေ အဆင်ပြေလာသလို တစ်ဖက်ကလည်း တိုင်းပြည်ရဲ့အသားကဏ္ဍ ကုန်ထုတ်လုပ်ငန်းတွေပါ တိုးတက်လာမှာဖြစ် ကြောင်း မွန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာ-နယူးဇီလန် နို့စားနွားမွေးမြူဖွံ့ဖြိုးမှု စီမံကိန်းမှ ဒေါက်တာ ဇော်လင်းက အခုလိုရှင်းပြပါတယ်။ ဒါပေမဲ့ သဘောပေါက်ရမှာက မိဂိုးဖလာနည်းဟာ လိုအပ်ချက်များရှိနေကြောင်းနဲ့ တချို့ဟာ လက်တွေ့မှာ မလိုအပ်ကြောင်း သူကဆက်ပြော ပါတယ်။ ဒီအထဲမှာ နွားသားပေါက် များ နို့ဂုဏ်လုံလောက်စွာ မရရှိခြင်းဟာ တချက်အပါအဝင် ဖြစ်ပါတယ်။

**ဒေါက်တာဇော်လင်း။** ။ နွားပေါက်စလေးတွေဆိုလို့ရှိရင် တစ်ကောင်ကို တစ်ရက်ကို (၅) လီတာနှုန်းတိုက်ပြီး တော့မှ (၂) လပြည့်ပြီဆိုတာနဲ့ သားခွဲမယ်။ သားခွဲမယ့်အချိန်မှာ အနည်းဆုံးအလေးချိန်ဟာဆိုရင် (၁၂၀) (၁၃၀) ကီလိုဂရမ် ရှိရမယ်။ အဲ့ဒီလို ရှိမှသာလျင် အရွယ်ရောက်ပြီးတော့မှာ သားဆော့နိုင်မှာဖြစ်တယ်။ အဲ့ဒီ Target ထဲကို မဝင် ဝင်အောင် ကျွန်တော်တို့က နွားလေးတွေကိုစောင့်ရှောက်တဲ့ နည်းစနစ် အခုလောလောဆယ်မှာ အဓိက ဆောင်ရွက်နေတယ်။ အဲ့လိုပြည့်မီမှသာလျင် ဒီနွားလေးတွေ ဟာဆိုလို့ရှိရင် သူ့ရဲ့မျိုးရိုးအလိုက် သူ့အမေက နို့ထွက်နှုန်း ကောင်းတယ်ဆိုရင် သူကလည်းကောင်းကောင်းထွက် နိုင်မှာဖြစ်တယ်။ တကယ်လို့ သူ့အမေ နို့ထွက်နှုန်းကောင်း သော်လည်းပဲ (၂) လအတွင်းမှာ သားခွဲရမယ့်အချိန်မှာ ရှိသင့်ရှိထိုက်တဲ့အလေးချိန် မရှိခဲ့ဘူး ဆိုလို့ရှိရင် သူ့ရဲ့နို့ထွက် နှုန်းဟာဆိုလို့ရှိရင် သူ့မျိုးရိုးအလိုက် ထွက်သင့်ထွက်ထိုက်တဲ့ ထွက်နှုန်း ရရှိနိုင်မှာ မဟုတ် ပါဘူး။ ပြုစုသင့်တဲ့အချိန်မှာ မပြုစုနိုင်တဲ့ အတွက်ကြောင့်မို့လို့ အထွက်နှုန်းနည်းနေခြင်းဖြစ်တယ်။ အဲ့အတွက် ကြောင့် အကျိုးအမြတ်ကဆိုရင် နည်းနေတယ်။

**နွဲ့နွဲ့နိုင်။** ။ ဒီလို လက်တွေ့မှာ နွားတွေကို ဆီလျော်စွာကျွေးမယ် အာဟာရရှိအောင်ကျွေးမယ်ဆိုဂင် မွေးမြူရေး သမားများရဲ့ နွားတွေဟာ နို့အဂုဏ်အသွေး အမှန်တကယ် ကောင်းလာမှာဖြစ်ပါတယ်။ အခုဆိုထိုက်သင့်တဲ့ အကျိုး အမြတ်ရရှိပြီး မိသားစုစားဝတ်နေရေး အဆင်ပြေတဲ့အကြောင်း နွားမွေးမြူပြီး လုပ်ကိုင်စားသောက်နေတဲ့ အမရပူရ မြို့နယ် သာယာအေးရွာမှ ကိုမျိုးအေးက အခုလိုဆိုပါတယ်။

**မျိုးအေး (နွားမွေးမြူသူ)။** ။ ကိုယ်တိုင်ရောင်းတာဆိုတော့ တစ်ပိသာကို (၁၂၀၀)လောက်တော့ ကျွန်တော် တို့ရတယ်။ ဖောက်သည်တွေပေးရတာ၊ လက်ဘက်ရည်ဆိုင်၊ အိမ်သောက်။ ညနေပိုင်းကျတော့ကျွန်တော် တို့က နို့ခဲလုပ်တယ်။ နေ့ခင်းလည်းလုပ်တယ် ဖောက်သည်လိုအပ်ချက်နဲ့ ။ နို့ခဲ ခဲတာကိုက နို့ ဟိုဟာလောက်ရှိတယ် (၇၀) တစ်ခါ တလေလည်း (၅၀)။ ကျွန်တော်တို့လို လူမျိုးတွေကျတော့ နည်းနည်းတော့မွေးတာပေါ့ နွား အပြတ် တော့ မခံဘူး။ ကျွန်တော်တို့ဆို မွေးလာတာ ဒေသနွားမွေးလာတာ အဘိုးအဘွားတွေ လက်ထက်ကနေ ကျွန်တော်တို့ လက်ထက်အထိ။ စီးပွားရေးလည်း ဖြစ်တာတော့ ဖြစ်တယ်ပေါ့ဗျာ ဒီ့ပြင်လုပ်ငန်းကြီးလောက်တော့ ကြီးကြီး ကျယ်ကျယ်တော့ မဖြစ်ဘူး။ ဒါပေမယ့် မိသားစု စားဖို့သောက်ဖို့လောက်တော့ အဆင်ပြေတယ်။

ကျွန်တော်တို့ဆို ပညာတတ် တွေဖြစ်လာအောင် အဖေအမေတွေ ထားပေးနိုင်တယ် ဒီ နွားမွေးတဲ့လုပ်ငန်း တစ်ခု တည်းနဲ့။

**နွဲ့နွဲ့ခိုင် (သတင်းထောက်)။** ။ နွားစာကျွေးတဲ့အခါမှာ ချည်တိုင်ကို ချည်ကျွေးတဲ့အတွက် အစာမဂ္ဂတာတွေ ဖြစ်တတ်တယ်။ ကျွေးတဲ့အခါမှာလည်း ကောက်ရိုးဟာ ရရှိဖို့လွယ်ကူပြီး ဈေးချိုပေမဲ့ အဟာရမဖြစ်ဘူး။ ဒါ့အပြင် ရေကြီးပြီး ရေလွှမ်းမိုးမှု တွေကြောင့် နွားစာရှားပါးပြီး၊ ဈေးနှုန်းကြီးမြင့်မှုတွေနဲ့ တွေ့ကြုံ ကြရပါတယ်။ ဒါ့ကြောင့် နယူးဇီလန် နို့စားနွားမွေးမြူဖွံ့ဖြိုးမှု စီမံကိန်းကနေ ကြီးထွားမှုနှုန်းမြန်တဲ့ မွမ်ဘာဇာမြက်မျိုးနဲ့ နေဗီယာမြက်မျိုးတွေကို စိုက်ပျိုးဖို့ အားပေးခဲ့တယ်။ ဒီမြက်မျိုး ဟာ အာဟာရပြည့်တဲ့အပြင် ပိုလျှံလာတဲ့မြက်တွေကိုလည်း မြက်ချဉ်ဖတ် လုပ်နည်းပါသင်ပေးတဲ့အတွက် နွေရာသီမှာ နွားစာဂယ်ဖို့မလိုအပ်တော့ပါဘူးလို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျောက်ဆည်ကုန်းကျေးရွာနဲ့ အမရပူရမြို့နယ် သာယာအေး ရွာတို့မှ မြက်စိုက်ပျိုးသူတွေက အခုလို ပြောပါတယ်။

**ရွာသားများ။** ။ အရင်တုန်းက ကောက်ရိုးနဲ့ သဘာဝမြက် အဲ့ဒါကိုပဲ ရှာကြံကျွေးနေရတယ်။ အခုကျတော့ ဒီ Newziland Project နဲ့ဆိုတော့ ဒီနွေရာသီကျွေးဖို့အတွက်ကို ကျွန်တော်တို့ မြက်ချဉ်ဖတ်တွေ ဘာတွေ သိပ်ပြီးတော့ လုပ်တယ်၊ တခြားတောင်သူတွေဆီကနေပြီးတော့ ဂယ်ပြီးတော့မှ ကျွန်တော်တို့ အဲ့ဒါမျိုး ချဉ်ဖတ် သိပ်ပြီးတော့ လုပ်ပါတယ် ခင်ဗျ။

အဆင်ပြေလာတယ် အစောပိုင်းတွေတုန်းက မိုးရွာမှလေ ဒေသမြက်ကပေါ်တာကိုး၊ ဒီကောင်ကျတော့ စိုက်ထားတော့ (၁၅) ရက်လောက်နေရင် ပြန်ရိတ်ရတယ်ဆိုတော့ တစ်ဧကလောက် ကြံထားလို့ရှိရင် နွား (၅) ကောင်လောက်ကတော့ ပြီးပြီ။ နွားကျန်းမာရေးလည်း ကောင်းတယ်။ အရင်တုန်းက အခြောက်ချည်းပဲ ကျွေးတဲ့ဟာကတော့ သိပ်အဆင်မပြေဘူးဗျ နို့အရောင်ကိုက၊ ဒီလိုစစ်လိုက်တဲ့ ဟာထဲကို အနည်းအဖတ်တွေ။ အခုနောက်ပိုင်းတော့ နွားကျန်းမာရေး လည်းကောင်းလာတာပေါ့ အဲ့ဒါလည်းပါမှာပေါ့။ နောက် နေဗီယာမြက်ကျွေးတဲ့နွားတွေက ဟို နေတယ်ဗျာ (၈) သား (၉) သားအထိ ကျွန်တော်တို့ဆီတော့ထားကြတယ်။ မကျွေးတဲ့နွားကတော့ (၂) သား (၃) သား (၄) သား အဲဒါဆိုရင် သွားပြီ အဲ့ နောက်ပိုင်း မရတော့ဘူး။ မရတော့ဘူးဆိုတာ သူ့ကျန်းမာရေးကိုက ဖောက်လာတာ ဖွံ့ဖြိုးမှုလည်းမရှိဘူး။

**နွဲ့နွဲ့ခိုင်။** ။ တိရိစ္ဆာန်တွေရဲ့ကျန်းမာရေးကို ဂရုစိုက်ဖို့ ဟာအလွန်မှအရေးကြီးပြီး နွားမွေးသူတွေအနေနဲ့ အလေးမထားခဲ့ ရင်တော့ သူတို့ရဲ့တိရိစ္ဆာန်တွေ ကပ်ဆိုးကျရောက်နိုင်ပါတယ်။ တိရိစ္ဆာန် ကူးစက်ရောဂါတွေဖြစ်တဲ့အခါ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနကိုသတင်းပေးပြီး စောစောကာကွယ် ကုသထိန်းချုပ်နိုင်ဖို့နဲ့ သတင်းပေးတဲ့ လမ်းကြောင်းတွေမှာ ဘယ်လို ဆက်သွယ်ဆောင်ရွက်ရမယ်ဆိုတဲ့ သင်တန်းတွေပို့ချပေးတယ်လို့လည်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန တိုင်းဦးစီးမှူး (ညွှန်ကြားရေးမှူး) ဒေါက်တာရန်နိုင်စိုး က အခုလို ပြောပါတယ်။

**ဒေါက်တာ ရန်နိုင်စိုး။** ။ သင်တန်းတွေကတော့ မွေးမြူရေးသမားအကြီးစားတွေနဲ့ ဒေသခံ တိ/ကု ဂန်ထမ်းတွေကို ပေးတဲ့ သင်တန်းတွေဖြစ်ပါတယ်။ အဲ့ဒီသင်တန်းတွေကို ရပြီးသွားရင် ကိုယ့်သက်ဆိုင်ရာ မြို့နယ် မွေးမြူရေးနဲ့ ကုသရေး ဦးစီးဌာနမှ ရှာမှာရှိတဲ့လူတွေကိုခေါ်ပြီးတော့ သင်ပေးတဲ့ သင်တန်းပေ့ါ။ အဲ့ဒီသင်တန်းကလည်း (၂) မျိုး လုပ်ပေးတာ ဖြစ်တယ်။ တစ်ခုက အခြေခံတိရိစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုပေးတဲ့သင်တန်းပေ့ါ။ လွယ်လွယ်ကူကူ နဲ့ တိရိစ္ဆာန် တစ်ကောင် နေမကောင်းဖြစ်ရင် ဘယ်လိုမျိုးလုပ်ရမလဲ ဘယ်လိုလေး အိမ်မှာရှိတဲ့ ဆေးမြီးတိုနဲ့ ဘယ်လို ကုမလဲ အဲ့ဒါရယ်။ နောက်တစ်ချက်ကကျတော့ တိရိစ္ဆာန် ကူးစက်ရောဂါတွေရှိတယ် တိရိစ္ဆာန်ကူးစက်ရောဂါတွေ ဖြစ်ပွားလာတဲ့အခါမှာ သတင်းစောစောပို့နိုင်ဖို့၊ သတင်းစောစောပို့ရင် စောစောကာကွယ် ထိန်းချုပ်နိုင်မယ်။ အသေအပျောက်နည်းမယ် ကူးစက်မှု နည်းမယ် ဆိုတဲ့အလုပ်တွေ။ သူတို့ကို သတင်းပို့တဲ့ လမ်းကြောင်းတွေပေ့ါ ဘယ်လို ဆက်သွယ် ဆောင်ရွက်ရမလဲဆိုတာ အဲ့ဒါလေးတွေ သင်ပေးတယ်။

**နွဲ့နွဲ့ခိုင်။** ။ တိရိစ္ဆာန်တွေမှာဖြစ်တတ်တာကတော့ ခွာနာလျှာနာ၊ ပေါင်ပုတ် လက်ပုတ်နဲ့ ဒေါင့်သန်းရောဂါ တွေဖြစ်ပြီး မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနမှာမှ ကာကွယ်ဆေးတွေလည်း အလကား လာထိုးပေးတယ်လို့ ကိုမျိုးအေး က ဆိုပါတယ်။

**ကိုမျိုးအေး။** ။ လုပ်ပေးတယ်ဗျ ဒေသဆရာဝန်တွေက သူတို့ ခွာနာ လျှာနာဆေးတို့ တစ်နှစ်ကို (၃) ကြိမ်လောက် လာလာထိုးကြတယ် အလကားထိုးပေးတယ်။ အရင်တုန်းကတော့ ပိုက်ဆံပေးရတယ် အခုနောက်ပိုင်း အလကား အလကားဆိုတာ ခွာနာလျာနာဆေးဆို ကျွန်တော်တို့ဆီ ဒီနွားတွေဖြစ်ရင် တအားဆိုးတာကိုး။ ခွာနာလျာနာ ကာကွယ် ဆေးဆိုရင် အခုနောက်ပိုင်း အလကား။ အရင်တုန်း ကဆိုရင် တစ်ကောင်ကို (၁၅၀၀) လောက်ကျတယ်။ (၁၅၀၀) တောင် ကျွန်တော်တို့ကထိုးတာပဲ။ ထိုးတာပဲဆိုတာက ဖြစ်ပြီးရင် မျိုးနဲ့နွားဆိုရင် ရှောတာပဲ၊ ခွာနာလျာနာဝင် လိုက်ရင်။

**နွဲ့နွဲ့ခိုင်။** ။ နယူးဇီလန် ပရောဂျက်ကနေ မွေးမြူရေး လုပ်သားတွေကို ပေးတဲ့ အခြားအရေးကြီးတဲ့အချက် တချက်ကတော့ မှတ်တမ်းထားရှိဖို့ဂုန် ဖြစ်ပါတယ်။ ဒီလိုတိကျတဲ့မှတ်တမ်းထားရှိခြင်းဟာ မွေးမြူရေးသမားတွေ နွားပေါက်စတွေကို ဘယ်လို ကောင်းအောင်ကျွေးမွေးရမလဲဆိုတဲ့ အမြင်ကိုရရှိစေသလို မွန်ဘာစာမြက် စိုက်ပျိုးခြင်းဟာလည်း ဝင်ငွေထွက်ငွေအပေါ် သက်ရောက်မှု ရှိလာပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ကုလားမတောင် ကျေးရွာ ရွှေအိုး နွားမွေးမြူရေးခြံမှ ကိုကျော်စိုးလင်းကတော့ အရင်က နွားမွေးမြူတဲ့အခါမှာ နွားခြံမှတ်တမ်းတွေ မထားရှိခဲ့ကြောင်းနဲ့ မှတ်တမ်းထားရှိခြင်းရဲ့ အကျိုးကျေးဇူးတွေနဲ့ပတ်သက်လို့ အခုလိုပြောပါတယ်။

**ကိုကျော်စိုးလင်း။** ။ နွားခြံမှတ်တမ်းတွေရော နားကပ်တွေတပ်ပြီးတော့ မှတ်တမ်းတွေ လုပ်တဲ့အချိန်မှာလည်း အများကြီး တိုးတက်မှု ရလာပါတယ်။ နွားလေးတွေ ပြုစုစောင့်ရှောက်တာတွေအများကြီး တိုးတက်လာတယ်။ နို့သန့်ရှင်းရေးအပိုင်းတွေလည်း တိုးတက်လာတယ်။ ကျွန်တော်တို့ မဒမ်းဆိုရင် (၂) နှစ်ဆိုရင် သားစပေါက်ပါပြီ၊ အရင်တုန်းကဆိုရင် ကျွန်တော်တို့ သေချာဂရုမစိုက်တော့ (၃) နှစ်မှ ပေါက်ပါတယ် တစ်နှစ်လောက်ဆုံးရှုံးမှုရှိတယ်။ မြက်ကျတော့ နယူးဇီလန် ပရော့ဂျက် က ထောက်ပံ့ပေးထားတဲ့ ဆိုတဲ့မြက်ကို ကျွန်တော်တို့ (၃) ဧကစိုက်ပြီးတော့ အခု နနက်လေးတွေ ကျွေးလောက်ပါတယ်။

ကလေးရဲ့ တစ်လ တစ်လ ဘော်ဒီဂိတ်တိုင်းလိုက်ရင် အခုနောက်ပိုင်း ဒီမြက်ကိုကျွေးတာ ကြီးထွားနှုန်းက အရင်နဲ့ကတော့ တခြားစီပါပဲ အများကြီးတိုးတက်မှုရှိပါတယ် အခုဟာက။ အရင်တုန်းက ကျွန်တော်တို့ ဒီကောက်ရိုးနဲ့ ဒီဒေသမြက်တွေ ကျွေးတဲ့အချိန်တုန်းက ဘော်ဒီဂိတ်က ကြီးထွားနှုန်းနည်းနည်းနေးပါတယ်။ အခုနောက်ပိုင်းမှာ မွန်ဘာဇာကို စိုက်ပြီးတော့ သေချာကျွေးပြီးတော့မှ ဘော်ဒီဂိတ်တိုင်းတဲ့အချိန်မှာ ကြီးထွားနှုန်းကအရင်ထက်အများ ကြီးပိုပါတယ်။ နို့ထွက်နှုန်းကျတော့ အရင်တုန်းက ပိသာ (၁၀၀) ကျော်ပဲထွက်ပါတယ်။ ဒီနောက်ပိုင်းမှာ ကျွန်တော်တို့ သေချာမှတ်တမ်းတွေ နားကပ်တွေနဲ့ သေချာအလေးချိန်တွေ တစ်ကောင်ချင်းစီရဲ့ နို့ထွက်နှုန်းတွေကို ချိန်တဲ့အခါမှာ တိုးတက်မှုက အခုဆိုရင်ပိသာ (၄၀၀) ကျော်လောက်ရပါတယ်။ (၃) ဆလောက် နီးပါး တက်လာပါတယ်။ ဝင်ငွေများကျတော့လည်း အကျိုးအမြတ်တော်တော် ရလာပါတယ်။

**နွဲ့နွဲ့ခိုင်။** ။ မန္တလေးတိုင်းဒေသကြီးမှာ ဆိတ်မွေးမြူရေးဟာလည်း ထွန်းကားပါတယ်။ အများအားဖြင့်တော့ မိဂိုးဇလာအတိုင်း လမ်းဘေးမှာပဲ လွှတ်ထား ကြပါတယ်။ ဆိတ်ဟာ နိုင်ငံတွင်းမှာ သိပ်ပြီး မထင်ပေါ်ပေမဲ့ ပြည်ပမှာ တော်တော် ဈေးကောင်းရပါတယ်။ အစာကောင်းကျွေးပြီး အလေးချိန်အတိုင်းအတာတစ်ခုအထိ ရှိမယ်ဆိုရင်တော့ ပြည်ပမှာ ဈေးကွက်ရှိတယ်ဆိုတာ ဆိတ်မွေးသူတိုင်း သိသင့်ပါတယ်။ ယခု ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့ရဲ့ ထောက်ပံ့မှုနဲ့ ဆိတ်မွေးမြူရေးကို စနစ်တကျ သင်ကြားပေး နေပါတယ်။ အဲ့ဒီလိုအဆင်ပြေနိုင်ဖို့ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနရုံးချုပ်ကနေပြီးတော့ ဆက်စပ်ဌာနအချင်းချင်းရော ကျန်တဲ့အိမ်နီးချင်းနိုင်ငံတွေနဲ့ပါ ဆက်သွယ် ဆောင်ရွက်နေတာတွေ ရှိပါတယ်လို့ ဒေါက်တာရန်နိုင်စိုးက ဆိတ်မွေးတောင်သူတွေကို အခုလို သတင်းစကား ပါးလိုက်ပါသေးတယ်။

**ဒေါက်တာ ရန်နိုင်စိုး။** ။ ဆိတ်မွေးတဲ့တောင်သူတွေကို ကျွန်တော်ပြောချင်တဲ့သတင်းစကား တစ်ခုကတော့ ဒီဆိတ် မွေးမြူရေးကို သေသေချာချာလုပ်မယ်၊ နောက်တစ်ခုက ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ အဲ့ဒီ့ရရှိလာတဲ့ ဆိတ်မွေးတဲ့ နည်းပညာနဲ့ ဘယ်လိုမွေးရင်ကောင်းမလဲ ဆိုတာလေးတွေနဲ့ သေသေချာချာ လိုက်နာ ဆောင်ရွက်မယ်ဆိုရင် ကိုယ်ဘက်ကလည်း အဆင်သင့် ဖြစ်နေမယ်၊ ဆိတ်တွေကလည်း ကျန်းကျန်းမာမာ ဂဂဖြိုးဖြိုး နဲ့ တကယ့် ရောင်းပန်းလှတဲ့ ဆိတ်တွေဖြစ်နေမယ်၊ ကျွန်တော်တို့ဒီဘက် အဖွဲ့အစည်းတွေကလည်း တရားဝင် လမ်းကြောင်းနဲ့ ရောင်းဝယ်ဖောက်ကားဖို့ ဆောင်ရွက်နေတာဖြစ်တဲ့ အတွက်ကြောင့် အဲ့ဒီမှာ ဆုံမှတ် တစ်ခုကို ရောက်သွားရင် ဒါတောင်သူတွေ တော်တော်ကို စီးပွားရေး အဆင်ပြေလာမယ်လို့ ကျွန်တော် ရဲရဲကြီး ပြောရဲ ပါတယ်။

**ဇင်ပိုင်း (တင်ဆက်သူ)။** ။ ယခုအစီအစဉ်တွင် မန္တလေးတိုင်းဒေသကြီးမှာရှိကြတဲ့ ကျေးလက်နေပြည်သူတွေဟာ အခုဆိုရင် နွားမွေးမြူရေးအပြင် ဆိတ်ကိုပါ အိမ်နီးချင်းနိုင်ငံတွေကို တင်ပို့ရန် ဦးတည်ချက်ထားပြီးတော့ မွေးမြူ သွားရင် တောင်သူတွေရဲ့ လူမှုစီးပွား ဘဝတွေလည်း တိုးတက်လာမှာဖြစ်တယ် ဆိုတာကို မြန်မာ့အသံရဲ့ အကြီးတန်း အယ်ဒီတာ မနွဲ့နွဲ့ခိုင်က မန္တလေးတိုင်းဒေသကြီးကို ကိုယ်တိုင်သွားရောက် မေးမြန်းတင်ဆက်ပေးခဲ့ တာပဲ ဖြစ်ပါတယ် ခင်ဗျာ။ အခုအစီအစဉ်ကို သောတရှင်များ သဘောကျနှစ်ခြိုက်ကြမယ်လို့ ထင်ပါတယ်။ တကယ် လို့ သောတရှင်များ မွေးမြူရေးနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်များပိုမို သိရှိချင်တယ်ဆိုရင် မိမိတို့နေထိုင် ရာ မြို့နယ်များရှိ မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနများကို တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း တိုက်တွန်း လိုက်ရပါတယ်ခင်ဗျာ။

**နောက်ဆက်တွဲ (၁)။ ။ ဆွေးနွေးချက် မှတ်စုပုံစံ**

နေရာ။ ။ ____________________မြို့နယ် ၊ ကျေးရွာအုပ်စု၊ ______________________ကျေးရွာအုပ်စု ၊ __________________________ ကျေးရွာ

ဦးရေ။ ။ ( ) ဦး

ရေဒီယိုအစီအစဉ် အမည်။ ။ နေ့စွဲ။ ။

| စဉ် | ဆွေးနွေးသူ အမည် | ဆွေးနွေးချက်များနှင့် လေ့လာတွေ့ရှိချက်များ | ဆက်လက် ဆောင်ရွက်ရန် |
|---|---|---|---|
| | | | |